# ကျတ်တီးကုန်းမှာ ပျိုးကြဲချင်သူ

အရှင်ဉာဏိက



ဒီနေ့ပဲ  ဗာဂျီနီယားမှာနေထိုင်တယ်ဆိုတဲ့ ဒါယိကာမတစ်ဦးရဲ့ အီးမေးနဲ့မေးလာတဲ့စာကိုဖတ်ရပါတယ်၊ လူချင်းမတွေ့ဖူးတာကြောင့် ကြီးသလား၊ ငယ်သလား၊ မဲသလား ဖြူသလားဆိုတာကိုတော့ မသိရပါဘူး၊ သူ့စာကိုဖတ်ရတဲ့အနေကတော့ ဝေဖန်ရတာကို အားသန်ဟန်ရှိတယ်လို့တော့ မှန်းဆမိပါတယ်၊ ဒီထက်ပိုပြီး ပျော့ပျောင်းတဲ့အသုံးကို သုံးရလျှင်တော့ စူးစမ်းရတာကို ဝါသနာထုံဟန်ရှိရဲ့လို့ ပြောရမလားပါ၊ သို့ပေမယ့် ဘာသာ သာသနာရေးနဲ့စပ်ဆိုင်တဲ့အရာမျိုးကို စူးစမ်းလေ့လာတဲ့အခါမှာ ယုံကြည်မှု-သဒ္ဓါနဲ့ ဆင်ခြင်မှု-ပညာဟာ တစ်ပြေးညီဖြစ်နေပါမှ ကောင်းကျိုးရလဒ်မှန်ကို ဖြစ်စေတတ်ကြောင်းကိုတော့ သတိရခိုက်မို့ ပြောထားလိုက်ချင်ပါတယ်၊ နို့မဟုတ်လို့  တစ်ခုခုက အားကောင်းပြီး ကျန်တစ်ခုက နုံ့နဲ့နေလျှင် မလိုလားအပ်တဲ့ အကျိုးဆက်တွေကို ဖြစ်ပေါ်စေနိုင်တတ်ပါတယ်၊ သဒ္ဓါပါးလျား ပညာများသူများမှာ အရာရာအပေါ် မယုံသင်္ကာဖြစ်ပြီး ဝေဖန်ပိုင်းခြားမှုတွေများနေတာနဲ့ပဲ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို မလုပ်ဖြစ်လိုက်တာကြောင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပွားတတ်ပါတယ်၊ အဲ တဖက်မှာကြပြန်တော့ သဒ္ဓါကဖြင့် များပါရဲ့၊ သို့ပေမယ့် ပညာအဆင်ခြင်ဉာဏ် ခေါင်းပါးနေပြန်ပါလျှင်လည်း ယုံကြည်စရာ ဆရာတင်စရာတွေ များလွန်းလှတာကြောင့် တွေ့ကရာမြင်ကရာတွေအပေါ် ယုံကြည်မှုတွေပိုကဲကာ အလွဲလွဲအမှားမှားတွေကို ကိုးကွယ်တတ်ကြလွန်းသမို့ အပါယ်ငရဲနဲ့ အိုးစားမခွဲနိုင် ဖြစ်တတ်ကြပြန်ပါတယ်၊ ဒီတော့ ကိုးကွယ်ဆည်းကပ်ရာမှာ သဒ္ဓါ ပညာ စွယ်စုံပါဖို့  အမှန်ပဲလိုအပ်လှပါတယ်။

စာရေးသူကလည်း ဒီနေ့ပဲ တက်နေတဲ့ကျောင်းက **Spring Semester** ရဲ့နောက်ဆုံးစာမေးပွဲပြီးခဲ့တာမို့ စာရေးဖို့စိတ်ကူးနေစဉ်မှာပဲ ခုလိုမေးလာတာနဲ့ကြုံလာတော့ စာတစ်ပုဒ်ရေးဖို့စလိုက်ပါတယ်၊ သို့ပေမယ့် စာရေးသူရဲ့ထုံးစံအတိုင်း ရေးခိုင်းလို့ရေးတာ၊ မေးတာကို ဆီလျော်အောင် ပြန်ဖြေရတာထက် ကိုယ်ရေးချင်တာကိုပဲ ကိုယ့်စိတ်ကြိုက်ရေးတာမျိုးကို ပိုမိုနှစ်ခြိုက်တာကြောင့် ကိုယ်ရေးချင်တာကို ရေးချင်တဲ့အတိုင်းပဲ ရေးလိုက်ပါတယ်၊ မေးတဲ့အမေးနဲ့ ရေးလိုက်တဲ့အဖြေကိုက်ညီမှု ရှိမရှိကတော့ မေးသူအပေါ်မှာပဲ မူတည်ပါလိမ့်မယ်၊ အဲ...အမေးနဲ့အဖြေ ကိုက်မကိုက်ကိုပဲပြောတာပါ၊ အမေးနဲ့အဖြေ ကိုက်သွားတဲ့အတွက် စာရေးသူရဲ့ အယူအဆဟာဖြင့် အမှန်ဖြစ်ပါတယ်လို့ မဆိုလိုပါဘူးနည်းတူပါပဲ၊ ရေးသူကြိုက်လို့ ဒါအမှန်လို့ မယူဆနိုင်သလို မေးသူအကြိုက်ဖြစ်လေတာကြောင့်လည်း အဲဒါကိုအမှန်လို့ ဘယ်လိုမှယူဆနိုင်မှာ မဟုတ်ကြောင်းကိုလည်း ပြောလိုက်ချင်ပါသေးတယ်။

သူ့ရဲ့စာထဲမှာ အဓိကမေးလိုတဲ့အကြောင်းက ဘယ်လိုအရာမျိုးဟာ မှန်ကန်တဲ့ဒါနမျိုးဖြစ်ပါသလဲ ဆိုတာပါ၊ စာရေးသူကလည်း ဟောဒီ ဒါနအကြောင်းကိုပဲ မကြာမကြာစဉ်းစားမိခဲ့ဖူးတယ်၊ စာရေးသူအဓိက စဉ်းစားမိတတ်တာကတော့ ဒါနဆိုတာ ဘယ်သူ့အတွက်လုပ်တာလဲ ဆိုတာကိုပါ၊ ဒါနလုပ်တာဟာ အလှူရှင် ကုသိုလ်ရအောင်လုပ်တာလား၊ အလှူရှင်ပြုတဲ့ဒါနကြောင့် နောင်မှာ ကုသိုလ်ရဲ့အကျိုးကိုပြန်ခံစားရမည်ဆိုတဲ့ ယုံကြည်ချက်မျိုးရှိနေလို့ ကုသိုလ်လုပ်တာလား၊ ဒါမှမဟုတ်လည်း အလှူခံပုဂ္ဂိုလ် အကျိုးရှိသွားအောင်လုပ်တာလား၊ ဒီလိုမှမဟုတ်ပဲ ကြားကအရာတစ်ခု ဥပမာ..စာရေးသူတို့ဘာသာရေးအနေနဲ့ပြောရရင် ဘာသာသာသနာ အကျိုးများအောင်လုပ်တာလား၊

ပုဂ္ဂိုလ်အနေနဲ့ဆိုလျှင် ကြားလူတစ်ဦးဦးအကျိုးများရေးအတွက်လုပ်တာလား စတဲ့အတွေးတွေလည်း ဒါနလုပ်ခြင်းနဲ့ ပတ်သက်တဲ့ အတွေးရဲ့ နောက်ဆက်တွဲအဖြစ် ပါလာတတ်ပါတယ်။

အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်ပြီးလှူရမယ်၊ အလှူပေးဝတ္ထုကလည်း စင်ကြယ်ရမယ်၊ သံသရာဝဋ်ကထွက်မြောက်မှုကို ကိုင်းညွတ်တဲ့ ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးဖြစ်ရမယ်စတဲ့ သမားရိုးကျ ကြားသိနေကြ ဒါနအကြောင်းတွေရဲ့အပြင်ဖက်က မို့ ကိုယ့်အတွေးမေးကိုလည်း ကိုယ့်ဟာကိုယ် ပြန်မဖြေနိုင်ခဲ့ပါဘူး၊ ကိုယ့်ဖတ်ရှုလေ့လာမှုနဲ့ ကြားနာမှတ်သားမှုက အားနည်းနေပေသေးသမို့လားတော့ မသိဘူးပေ့ါလေ။

သို့ပေမယ့် ကိုယ့်အမေးကို ကိုယ်ပြန်လည်မဖြေနိုင်ခဲ့ပေမယ့် ဒီဒါနလုပ်မှုနဲ့ပတ်သက်တဲ့ ကိုယ့်ခံယူချက်ပြောင်းလဲနေခဲ့ တာတော့ အတော်ကြာခဲ့ပါပြီ၊ ဒီသဘောထားခံယူချက်မပြောင်းမီကတော့ ဒါနလုပ်တိုင်း ဒါနအကျိုးကိုမျှော်ကိုးပြီး လုပ်တတ်လို့ ဘုရားကိုလှူတာချင်းအတူတူတောင် နာမည်ကြီးတဲ့ဘုရားမျိုး၊ ရွှေရောင်ဝင်းတဲ့ဘုရားမျိုးမှ ပိုပြီးလှူလို စိတ် ဖြစ်တတ်ခဲ့တာကလား၊ဒီလိုပဲ လှူရတာချင်းအတူတူ၊ ဘုန်းကြီးတဲ့ဆရာတော်ကြီး၊ နာမည်ကြီးတဲ့ဆရာတော်ကြီး တွေကို လှူရမှ အလှူမြောက်တယ်၊ အားရကျေနပ်ဖြစ်မိခဲ့ပါတယ်၊ လှူတဲ့အကျိုးကို တချိန်ချိန်မှာ ကိုယ်ပြန်ရမယ်ဆို တဲ့ မျှော်လင့်ချက်က ရှိနေတာကိုး၊ အဲ ခုနောက်ပိုင်း အလှူဒါနပြုလုပ်တဲ့အခါများမှာတော့ ကုသိုလ်ရဲ့အကျိုးကို ပြန် လည်ရလိမ့်မယ်ဆိုတဲ့အတွေးမျိုး၊ ဒီကုသိုလ်ရဲ့ထောက်ပံ့မှုကြောင့် သံသရာမှာ မျက်နှာပန်းလှလှ အထက်တန်းကျကျ နေထိုင်သွားရမယ်ဆိုတဲ့အတွေးမျိုး၊ ကုန်ကုန်ပြောရရင်ဖြင့် ဒီကုသိုလ်ဟာ နိဗ္ဗာန်မဂ်ဖိုလ်ကိုရခြင်းရဲ့အကြောင်း အ ထောက်အပံ့မျိုးဖြစ်ပါစေဆိုတဲ့ မျှော်လင့်ချက်မျိုးတောင်မှ ရှိမနေတတ်ခဲ့တော့ပါဘူး။

ကိုယ်လှူတဲ့အလှူဟာ အလှူခံပုဂ္ဂိုလ်အတွက် အကျိုးများစေနိုင်သလား၊ ကိုယ်ထောက်ပံ့ပေးကမ်းမှုကြောင့် သူ့လို အပ်ချက်ကို အနည်းငယ်မျှဖြစ်စေဦးတော့ ဖြည့်စည်းရာရောက်စေနိုင်သလားဆိုတာကိုပဲ ကြည့်မိပါတယ်၊ ဒါကြောင့် စာရေးသူရဲ့ မများပြားလှတဲ့ အလှူထဲက အများစုသောအလှူဟာဖြင့် နွမ်းပါးချို့ငဲ့သူတွေနဲ့ တကယ့်ကိုပဲ လိုအပ်တဲ့ နေရာများကိုပဲ အရောက်များပါတယ်၊ အဲ လှူပြီး၊ ပေးပြီးပြီဆိုတဲ့နောက်မှာလည်း ငါလှူတဲ့အလှူဟာ တကယ်ရော အကျိုးရှိတဲ့နေရာကိုလှူခဲ့တာမှ ဟုတ်ပါလေစ၊ အလှူခံပုဂ္ဂိုလ်က တကယ်ရော မှန်မှန်ကန်ကန်မှသုံးစွဲတာမှ ဟုတ်ပါ လေစဆိုတဲ့ အတွေးမျိုးကိုလည်း တခါမှ မတွေးမိခဲ့တတ်ပါဘူး။

ကိုယ့်စွန့်ကြဲပေးကမ်းလှူဒါန်းမှုကို ထပ်ကာထပ်ကာ အောက်မေ့နေလျှင် စာဂါနုဿတိဖြစ်တယ်ဆိုတာကို သိပေမယ့် လည်း အဲဒီလိုစာဂါနုဿတိပွားများမှုမှာ အားနည်းသူတစ်ယောက် ဖြစ်ပေသမို့လားတော့လည်း မသိပါဘူး၊ ကိုယ် ဘယ်အချိန်က ဘယ်နေရာကို ဘာလှူခဲ့တယ်ဆိုတာမျိုးကိုတောင် စိတ်ထဲမှာ သိပ်ပြီးအမှတ်တရ ရှိမနေတတ်ပါဘူး၊ ဒါကြောင့် ကိုယ်ပြုခဲ့တဲ့ကုသိုလ်ကို အထပ်ထပ် အောက်မေ့ခြင်းဖြင့်ရနိုင်တဲ့ စာဂါနုဿတိဘာဝနာကုသိုလ်မျိုးရဖို့နဲ့ ဒီလိုကုသိုလ်မျိုးလိုလားသူအတွက်ဆိုလျှင်တော့ စာရေးသူရဲ့သဘောထားက အမှားတစ်ခုဖြစ်နေမလားပါပဲ၊ သို့ပေ မယ့် ဒီအတွက်လည်း တစ်ခုကောင်းတာတော့ရှိပါတယ်၊ကိုယ်လှူလိုက်တဲ့အလှူပေါ်မှာ ပြန်လည်ပြီးနောင်တရ တွန့် တိုစိတ်ဖြစ်နိုင်တဲ့ အပရစေတနာချို့တဲ့ခြင်း ဘေးမျိုးကနေ ကောင်းကောင်းကင်းနိုင်ခဲ့ပါတယ်။ ကိုယ့်အလှူ အမည် ပေါ်၏ မပေါ်၏၊ ကိုယ့်ကို အလှူခံပုဂ္ဂိုလ်က အသိမှတ်ပြု၏ မပြု၏၊ ပတ်ဝန်းကျင်က ချီးကျူး၏ မချီးကျူး၏ ဆိုတဲ့ အတွေးမျိုးကတော့ စိတ်ထဲမှာတောင် ပေါ်မလာခဲ့ပါဘူး၊ အဲ ကိုယ့်အလှူကို လက်ခံရသူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြပါစေ၊ ကိုယ့်အလှူဟာ နည်းနည်းပင်ဖြစ်စေဦးတော့ သူ့လိုအပ်မှုအတွက် ဖြည့်စွက်ချက်ဖြစ်ပါစေဆိုတဲ့ ဆန္ဒ သာ စိတ်ထဲမှာ ရှိနေခဲ့တတ်ပါတယ်။

အဲဒီအချိန်ကစပြီး အလှူဒါနကိုလည်း များများပိုလုပ်ဖြစ်လာတယ်လို့ ကိုယ့်ကိုယ်ကို ပြန်လည်သုံးသပ်မိပါတယ်၊ အ ရင်က တန်ခိုးကြီးဘုရားတွေ၊ ဘုန်းကံကြီးမားသူတွေကိုလှူဖို့ဆိုတာ ကိုယ့်အလှူက တန်ဖိုးကြီးပါမှ လျော်ကန်တင့် တယ်မှာဆိုတဲ့အတွေးမျိုးဖြစ်တတ်ခဲ့တယ်၊ နောက်ပြီးကိုယ်ရည်မှန်းတာထက် ပိုပြီးလှူရတတ်တဲ့အခြေအနေမျိုးနဲ့

လည်း ကြုံရတတ်ခဲ့တယ်၊ သို့ပေမယ့် ရှားပါးနှမ်းပါးသူတွေ၊ တကယ်လိုအပ်နေသူတွေကိုလှူရာမှာတော့ ကိုယ့်အလှူရဲ့တန်ဖိုးအပေါ်မှာ အထူးကြောင့်ကြစိုက်နေစရာ မလိုတော့ဘူးပေါ့၊ နောက်ပြီးကိုယ်လှူတဲ့ ကိုယ်ပေးတဲ့ပစ္စည်းတန်ဖိုးဟာလည်း အလှူခံပုဂ္ဂိုလ်ရဲ့ အသက်အရွယ် ဂုဏ်ကြီးငယ်အပေါ်မှာ မူတည်ပြီး အနည်းအများ မခွဲခြားမိတတ်တော့ပါဘူး၊ အသုံးတည့်မယ်ထင်တဲ့အရာကို တကယ်အသုံးပြုမည့်ပုဂ္ဂိုလ်ကိုပဲ ရွေးချယ်လှူဖြစ်တတ်ခဲ့ပါတယ်။

တချို့ကတော့ပြောပါတယ်၊ဒါနကို အကြမ်းစားအားဖြင့် ဘုရားအလောင်းတွေပြုတဲ့ဒါနနဲ့ တခြားသာဝကတွေပြုတဲ့ဒါန ဆိုပြီး နှစ်မျိုးခွဲခြားနိုင်တယ်လို့ဆိုပါတယ်၊ အဓိပ္ပါယ်ကတော့ ဘုရားအလောင်းများကတော့ ဒါနပြုရာမှာ အလှူခံ ပုဂ္ဂိုလ် အယုတ်အလတ်အမြတ်မရွေး လှူဒါန်းတယ်၊ အလှူပစ္စည်းကိုလည်း သေးသေးငယ်ငယ်ကစလို့ ဇနီးမယား သမီးသားတွေနဲ့ နောက်ဆုံး မိမိခန္ဓာကိုယ်နဲ့အသက်အထိပါ မငဲ့ကွက်ပဲ ရက်ရက်ရောရောလှူဒါန်းတယ်၊ သူ့ရဲ့ရည်မှန်းချက်ကလည်း ဘုရားဖြစ်ရေးကို ရှေးရှုတယ် ။

ဒီနေရာမှာ အထူးသတိထားမိဖို့က ဘုရားအလောင်းရဲ့ အလှူမှာလည်း ဘုရားဖြစ်ရေးဆိုတဲ့၊ သူဘုရားဖြစ်ဖို့ဆိုတဲ့ ရည်ရွယ်မှန်းထားချက်ရှိတယ်မဟုတ်ပါလားလို့ စောဒကတက်ကောင်းတက်နိုင်ပါတယ်၊ သို့ပေမယ့် ဘုရားအလောင်းရဲ့ အလှူဒါနပြုလုပ်ရာမှာ ရည်သန်တဲ့ဘုရားဖြစ်ရေးဆိုတာက သူဘုရားဖြစ်ချင်လွန်းလို့၊ ဘုရားဖြစ်လာတဲ့အခါမှာ ငါဟာဖြင့် လောကတစ်ခွင်မှာ တုမဲ့ကင်းစင်တဲ့ ဘုရားရှင်ဖြစ်တယ်ရယ်လို့ ဂုဏ်ယူဝင့်ကြွားဖို့မဟုတ်ပါဘူး၊ ဘုရားစည်းစိမ်ကိုလိုချင်လို့ ဘုရားအလောင်း လုပ်ငန်းစဉ်တွေကို လုပ်ခဲ့တာ မဟုတ်ပါဘူး၊ သူဘုရားဖြစ်လျှင်ဖြင့် ဆင်းရဲဒုက္ခညွှန်တွင်း နစ်မွန်းရင်းသံသရာရှည်မျောနေတဲ့ ဝေနေယျသတ္တဝါတွေကို ကယ်တင်လိုလို့ဖြစ်တယ်၊ ဒီလိုအလုပ်မျိုးကို သာမန်သူအဆင့်အတန်းနဲ့ မလုပ်နိုင်တာကြောင့် လုပ်နိုင်တဲ့အနေအ ထားတစ်ခုကိုရရှိအောင်သာ လုပ်ဆောင်ခြင်းပဲဖြစ်တယ်၊ ဘုရားမဟုတ်ပဲ ဘုရားအလုပ်မျိုးလုပ်နိုင်လျှင် ဘုရားရှင်ဟာ ဘုရားဖြစ်ဖို့ကြိုးစားအားထုတ်ခဲ့မယ် မဟုတ်ပါဘူး၊ တကယ်တော့ဘုရားရှင်ဟာ ဘုရားဖြစ်ဖို့ထက် ဘုရားရှင်များမှ သာလုပ်နိုင်မည့် ဘုရားအလုပ်ကိုချစ်လို့ ကြိုးစားအားထုတ်ခဲ့ခြင်းသာဖြစ်တယ်၊ နောင်တစ်ချိန်မှာ အများကြီးပိုပြီး ပေးနိုင်အောင်လို့ အလောင်းတော်ဘဝတစ်လျှောက်လုံး ရှိသမျှအရာအားလုံးကို အစပျိုးပေးလှူခဲ့ခြင်းဖြစ်တယ်၊ ဘုရားအလောင်းရဲ့ ဒါနဟာ နောက်နောက်အခါမှာပိုပေးနိုင်ဖို့ ရှေးဦးစွာကြိုပေးခဲ့ခြင်းသာဖြစ်တယ်၊ သူ့ရဲ့ရည်ရွယ်ချက်ထဲမှာ သံသရာတစ်လျှောက် နတ်ရွာသုဂတိဘုံဌာနတွေမှာ အထက်တန်းကျကျ၊ မျက်နှာပန်းလှလှ၊ နေနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်မျိုး စိုးစဉ်းမျှ မရှိပါဘူး၊ အလားတူပါပဲ၊ ပေးလှူတဲ့ဘဝတိုင်းမှာလည်းပဲ ထင်ပေါ်ကျော်ကြား လူသိများရေးဆိုတဲ့ နံ့ချာချာဒါနရဲ့ သင်္ကေတလက္ခဏာတွေ အနည်းအကျဉ်းလေးမျှပင် မပါဝင်ပါဘူး။

သာမန်သာဝကများဒါနကတော့ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်ပြီးလှူဒါန်းဖို့လိုတယ်လို့ မိန့်တော်မူကြပါတယ်၊ အဲဒီလို ရွေးချယ်ပြီးလှူဖို့လိုတယ်ဆိုတာကိုလည်း အသားပေးကာ ဟောပြောကြ၊ ရေးသားကြလေ့ရှိပါတယ်၊ နောက်ပြီး အလှူခံပုဂ္ဂိုလ်ကွဲပြားခြားနားလျှင်ဖြင့် အကျိုးပေးလည်းကွဲပြားနိုင်တာကြောင့် "ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ–အလှူဒါနပြုမယ်ဆိုလျှင် အကျိုးကြီးကြီးရစေနိုင်မယ့် အလှူခံပုဂ္ဂိုလ်မျိုးကို ရွေးချယ်ပြီးလှူဒါန်းရမယ်–ဆိုတဲ့ပါဠိမျိုးကိုလည်း ကိုးကားကာ မိန့်တော်မူလေ့ရှိပါတယ်၊ အင်္ကုရနဲ့ ဣန္ဒကနတ်သားတို့ရဲ့ဇာတ်လမ်းမျိုးကိုလည်း သာဓကထိုးပြကြလေ့ရှိပါတယ်၊ ၇ နှစ် ၇လပတ်လုံး ထမင်းရေချောင်းစီး အလွန်တရာ ခမ်းနားကြီးကျယ်သောအလှူကြီး ပေးလှူသော်ငြား အလှူခံပုဂ္ဂိုလ်များက သီလရှိသူမဟုတ်လေတာကြောင့် အကျိုးပေး မဖွံ့ဖြိုးဖြစ်ရတဲ့ ဝေလာမပုဏ္ဏားအလှူမျိုးကိုလည်း မော်ကွန်းထိုးပြလေ့ရှိပါတယ်။ ဒါတွေဟာ စာလာပေလာ အခိုင်အမာမို့ ဘာမှအထူးတလည် မပြောချင်ပါဘူး။ သို့ပေမယ့် လှူဒါန်းတဲ့အခါ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်ပြီးလှူရမယ်လို့ပြောတတ်သူကိုယ်တိုင်ဟာဖြင့် အဲဒီလိုအရွေးချယ်ခံထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း သွယ်ဝိုက်ပြီး အသိပေးလိုတာမျိုးဖြစ်နေလျှင်တော့ အထူးပင်စီစစ်ရွေးချယ်ဖို့ အမှန်ပဲလိုအပ်နေပြီဖြစ်ကြောင်းကိုတော့ သတိစကားပါးလိုက်ချင်ပါတယ်၊ တိတိကျကျ ပြောရရင် ရွေးချယ်သင့်တဲ့ ပုဂ္ဂိုလ်ထဲမှာ အဲဒီသွယ်ဝိုက်ပြီး အသိပေးတဲ့သူမျိုးကို မထည့်သင့်ဘူးဆိုတာကိုပါပဲ။

နောက်ပြီး စာမလာ ပေမလာငြား သေချာတဲ့အရာကလေးအနည်းငယ်ကိုလည်း ပြောလိုက်ချင်ပါသေးတယ်၊ ဘာပဲဖြစ်ဖြစ် အလှူဒါနအကြောင်းပြောလေတိုင်း အလှူပြုသူရဲ့ ကုသိုလ်ကံကြောင့် အလှူ့ရှင်မှာဘယ်လိုကောင်းကျိုးတွေရသွားတယ်ဆိုတာမျိုးကိုသာ သာသာထိုးထိုးဟောကြားကြ၊ ရေးသားကြလေ့ရှိတာကိုဖြင့် အမှတ်မပြုမိပဲ မနေနိုင်အောင်ဖြစ်ရပါတယ်၊ ဘယ်အလှူကိုအလှူခံရရှိတဲ့အတွက် အလှူခံသူ ဘယ်ပုဂ္ဂိုလ်မှာ ဘယ်လိုအကျိုးကိုရရှိသွား

တယ်ဆိုတာမျိုး၊ သူ့အတွက်ဘယ်လောက်အဆင်ပြေချောမွေ့သွားတယ်ဆိုတာမျိုး ဘာကြောင့် အရေးနည်း၊ အပြောနည်းကြတာပါလိမ့်ဆိုတာကိုတော့ မစဥ်းစားတတ်အောင်ဖြစ်မိတယ်၊ တကယ်တော့ ဒါနဆိုတာ ပေးကမ်းခြင်းဖြစ်တယ်၊ စွန့်လွှတ်ခြင်းဖြစ်တယ်၊ ရယူပိုင်ဆိုင်လိုခြင်းမဟုတ်ပါဘူး၊ အတုံ့အလှည့်ကိုမျှော်ကိုးရမည့်အရာမျိုးလည်း မဟုတ်ပါဘူး၊ သို့ပေမယ့် ဒါနဆိုတာ မမျှော်ပေမယ့် သူ့ကောင်းကျိုးက အလိုလိုပေါ်လာနိုင်တတ်သလို မတောင်းပေမယ့် ရနိုင်တတ်တဲ့အရာမျိုးပါ၊ အပြန်အားဖြင့်ဆိုရလျှင် မျှော်လျှင်ပေါ်ဖို့ခဲယဥ်းသလို တောင်းလျှင်လည်း ရဖို့ဝေးနိုင်တတ်တဲ့အရာမျိုးသာဖြစ်ပါတယ်။ ပေးဖို့စွန့်ရာမှာ ရလိုလျှင်ဖြင့် တွန့်သွားလေမယ်ဆိုတာက လုံးဝသံသယ မရှိရမည့်အရာသာဖြစ်တယ်။

နောက်ပြီးအလှူဒါနဆိုတာ သူ့အတွက်လှူတာမဟုတ်ဘူး၊ ကိုယ့်အတွက်လှူတာဆိုတဲ့စကားမျိုးကလည်း မရှင်းလင်းလျှင်ဖြင့် ရှုပ်ထွေးသွားနိုင်ပါတယ်၊ ကိုယ့်အတွက်ကုသိုလ်ရရေး၊ အပြန်ကောင်းကျိုးရရေးဖက်ကိုပဲစဥ်းစားဖို့ အလေးပေးသွားနိုင်ပါတယ်၊ ပြောခဲ့သလို ကုသိုလ်ရှင်အတွက်ကောင်းကျိုးဆိုတာကို ဒါနစေတနာရဲ့ကံက သူ့အလိုလို စီမံဖန်တီးသွားမှာပါ၊ ကုသိုလ်ရှင်ကမျှော်ခေါ်တမ်းတနေရမည့် အရာမျိုးမဟုတ်ပါဘူး၊ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ" တရားတော်က တရားစောင့်ထိန်းလိုက်နာကျင့်သုံးသူကို သူ့နိယာမသဘောအရပဲ မလွဲမသွေ ပြန်လည်စောင့်ရှောက်ထောက်ပံ့သွားမှာပါ။

နောက်ဆုံးအနေပြောရလျှင်ဖြင့် ဘာပဲဖြစ်ဖြစ် ဒါနဟာကိုယ့်အတွက်လှူတာလား၊ သူ့အတွက်လှူတာလားဆိုတာ ကွဲကွဲပြားပြားသိလိုက်တာနဲ့ပဲ ဘယ်အချိန်မှာ ဘယ်အရာကို ဘယ်နေရာမှာ လှူရမယ်ဆိုတာ အလိုလိုသိမြင်ပြီးသားဖြစ်လာပါလိမ့်မယ်။ အလှူရှင်ကိုယ့်အကျိုးထက် အလှူခံပုဂ္ဂိုလ်ရဲ့ တကယ့်လိုအပ်ချက်ကို ဖြည့်စွက်တာမျိုးဖြစ်ဖို့ အမှန်ပင်လိုအပ်လှပါတယ်။

ဒါနဟာကိုယ့်အတွက်ချည်းပဲ သက်သက်လုပ်တာမဟုတ်ဘူး၊ ကိုယ့်အတွက်ကောင်းကျိုးရလဒ်ကိုမျှော်ကိုးပြီး လုပ်ရမည့်အရာမျိုးလည်း မဟုတ်ဘူးရယ်လို့ ခိုင်ခိုင်မာမာယုံကြည်သူတစ်ယောက်အတွက်တော့ ကျတ်တီးကုန်းမှာ ပျိုးကြဲမိတာကြောင့် အပင်မပေါက်လာနိုင်ခဲ့တောင် ငှက်ကလေးတွေချမ်းချမ်းသာသာစားသောက်ဖို့ရာ အစာဖြစ်နိုင်တာပေ့ါဆိုတဲ့ အတွေးမျိုးနဲ့ ဝမ်းမြောက်ပီတိဖြစ်ကာ ကြည်နူးကျေနပ်နေမိမှာကတော့ သေချာလှပါတယ်။ ။

မေတ္တာဖြင့်
အရှင်ဥာဏိက